# အခွန်ကြေညာလွှာတင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားခြင်း အကြောင်းသိကောင်းစရာများ

၁။ သက်ဆိုင်ရာအခွန်ဥပဒေများအရ အခွန်ကြေညာလွှာ နောက်ဆုံးထားတင်သွင်းရမည့် နေ့ရက်များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

| စဉ် | အခွန်ကြေညာလွှာအမျိုးအစား | နောက်ဆုံးထားတင်သွင်းရမည့်နေ့ |
|---|---|---|
| က | ဝင်ငွေခွန်ကြေညာလွှာ | ဝင်ငွေနှစ်ကုန်ဆုံးပြီး(၃)လအတွင်း၊ |
| ခ | အခြေပစ္စည်းမှမြတ်စွန်းငွေကြေညာလွှာ | ရောင်းချ/လဲလှယ်/လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း(၃)လအတွင်း၊ |
| ဂ | ကုန်သွယ်လုပ်ငန်းခွန်နှစ်ချုပ်ကြေညာလွှာ | ဘဏ္ဍာနှစ်ကုန်ဆုံးပြီး(၃)လအတွင်း၊ |
| ဃ | သုံးလပတ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ | သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး နောက်(၁)လအတွင်း၊ |
| င | သုံးလပတ်အထူးကုန်စည်ခွန်ကြေညာလွှာ | သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး(၁၀) ရက်အတွင်း။ |

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် သက်ဆိုင်ရာအခွန်ဥပဒေများအရ အခွန်ကြေညာလွှာတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိပါက အချိန်တိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည့်အခွင့်အရေး ရှိပါသည်။

၃။ လျှောက်ထားရာတွင် ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ပြီး သာမန်အားဖြင့်(၁၅)ရက်ထက်မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပါသည်။ ယင်းကာလထက်ပိုမိုလိုအပ်ပါက လုံလောက်သောအကြောင်းအရာများ၊ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်အတူ တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းပြည်သူများအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ အခွန်ကြေညာလွှာ တင်သွင်းရမည့်ရက်ကို တိုးမြှင့်ပေးရန် လျှောက်လွှာတင်သွင်းခြင်းဖြစ်ပါက ၎င်းလျှောက်လွှာကို လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းအား သက်ဆိုင်ရာအခွန်ရုံးထံမှ ရယူရမည်ဖြစ်ပါသည်။ အချိန်တိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုကြောင်း သို့မဟုတ် ခွင့်မပြုကြောင်း အကြောင်းကြားစာကို လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာအခွန်ရုံးမှ အကြောင်းပြန်ကြားမည်ဖြစ်ပါသည်။

၅။ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ အခွန်ကြေညာလွှာ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားလိုပါက သတ်မှတ်လျှောက်လွှာပုံစံကို https://www.ird.gov.mm/sites/default/files/TAL_24_Filing_Date_Extension_Form.pdf မှ ရယူ၍ မိမိတို့ အခွန်ပေးသွင်းနေသည့်အခွန်ရုံးများသို့ လျှောက်ထားနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**